# စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
# စီမံကိန်းဦးစီးဌာန

# စိုက်ပျိုးစီးပွားသတင်းလွှာ

အမှတ်စဉ် ( ၇/ ၂၀၂၄)　　　　　　　　၂၀၂၄ ခုနှစ်၊ မတ်လ(၇) ရက်

| ၇ - ၃ - ၂၀၂၄ | |
|---|---|
| ငွေကြေး အမျိုးအစား | ငွေလဲလှယ်နှုန်း (ကျပ်) |
| ဒေါ်လာ | ၂,၁၀၀.၀ |
| ယူရို | ၂,၂၈၈.၂ |
| စင်္ကာပူဒေါ်လာ | ၁,၅၇၁.၄ |
| စတာလင်ပေါင် | ၂,၆၇၃.၈ |
| ဂျပန်ယန်း (၁၀၀) | ၁,၄၁၈.၆ |
| တရုတ်ယွမ် | ၂၉၁.၇၂ |
| ဟောင်ကောင် ဒေါ်လာ | ၂၆၈.၄၈ |
| အိန္ဒိယရူပီး | ၂၅.၃၆၅ |
| ကိုရီးယားဝမ် (၁၀၀) | ၁၅၇.၉၄ |
| မလေးရှား ရင်းဂစ် | ၄၄၆.၆၇ |
| ဖိလစ်ပိုင်ပီဆို | ၃၇.၆၃၄ |
| ထိုင်းဘတ် | ၅၉.၀၀၅ |
| ဗီယက်နမ်ဒေါင် (၁၀၀) | ၈.၅၀၄၆ |


လယ်ယာစီးပွားနှင့်
ကုန်သွယ်မှုဌာနခွဲ၊
စီမံကိန်းဦးစီးဌာန
ရုံးအမှတ် (၁၅)
ဖုန်း-၀၆၇-၃၄၁၀၆၈၄
Email-
misdop.moali@gmail.com


## သတင်းခေါင်းစဉ်များ

- **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေထွက်ပစ္စည်းဆိုင်ရာသတင်းများ**

➢ ရုရှားသည် ကမ္ဘာပေါ်တွင် စတုတ္ထမြောက် စိုက်ပျိုးရေးထုတ်ကုန်များ တင်ပို့သည့် နိုင်ငံဖြစ်လာကြောင်း သမ္မတပူတင်ပြောကြား

➢ ရုရှား၏ ပဲနီလေးတင်ပို့မှုသည် ၂၀၂၃ ခုနှစ်တွင် ၂.၄ ဆ တိုးလာခဲ့

➢ တရုတ်နိုင်ငံသည် လာမည့်ဆယ်စုနှစ်အတွင်း လယ်ယာထွက်ကုန် တင်သွင်းမှုကို ဆက်လက်ဦးဆောင်မည်

➢ လာအိုကုမ္ပဏီတစ်ခုသည် တရုတ်နိုင်ငံသို့ အမဲသားပိုမိုတင်ပို့ရန် ဆောင်ရွက်နေ

➢ အိန္ဒိယသည် ၂၀၂၄ ဘဏ္ဍာနှစ်၊ မိုးရာသီတွင် အစားအစာကောက်ပဲသီးနှံ တန်ချိန် ၁၅၄ သန်း ထွက်ရှိမည်ဟု ခန့်မှန်း

➢ အိန္ဒိယအစိုးရသည် လယ်သမားများအတွက် ပဲနီလေးဆိုင်ရာ အနိမ့်ဆုံး ပံ့ပိုးသတ်မှတ်ဈေးနှုန်းကို အာမခံပေးမည့် Portal လွှင့်တင်မည်

➢ အိန္ဒိယသည် ယူအေအီးနှင့် ဘင်္ဂလားဒေ့ရှ် နိုင်ငံများသို့ ကြက်သွန်နီ တင်ပို့မှုကို ခွင့်ပြု

➢ ရုပ်ကြွင်းလောင်စာဆီအစားထိုးရန် ဆီအုန်းမှ ဇီဝစွမ်းအင်ထုတ်လုပ်မည့် အင်ဒိုနီးရှားနိုင်ငံ

- **အထွေထွေသတင်းများ**

➢ ရုရှားနိုင်ငံ၊ ကာလုဂါဒေသသည် အရှေ့တောင်အာရှနိုင်ငံများသို့ မော်တော်ယာဉ် ဓာတုဗေဒပစ္စည်းများ ပြန်လည်တင်ပို့မှုစတင်

- ရုရှား-တရုတ် ကုန်သွယ်မှုပမာဏ တိုးလာခြင်းသည် စွမ်းအင်အရင်းအမြစ်တစ်ခုတည်းကြောင့်သာ မဟုတ်ကြောင်း ရုရှားသိပ္ပံအကယ်ဒမီမှ ပြောကြား
- တရုတ်နိုင်ငံသည် စားသုံးမှုနှင့် ကုန်သွယ်မှုကို တွန်းအားပေးရန်အတွက် အကောက်ခွန်ရှင်းလင်းရေးလုပ်ငန်းများကို ပိုမိုမြန်ဆန်စေရန် ဆောင်ရွက်လျက်ရှိ
- ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလအတွင်း တောင်ကိုရီးယားနိုင်ငံ၏ ငွေကြေးဖောင်းပွမှုနှုန်း ၃ ရာခိုင်နှုန်း ကျော်အထိ ပြန်လည်ရောက်ရှိမြင့်မားလာနိုင်
- ၂၀၂၃ ခုနှစ်တွင် တရုတ်နိုင်ငံ၏ စီးပွားရေးပြန်လည်ကောင်းမွန်လာကြောင်း IMF ထုတ်ပြန်

# ရုရှားသည် ကမ္ဘာပေါ်တွင် စတုတ္ထမြောက် စိုက်ပျိုးရေးထုတ်ကုန်များ တင်ပို့သည့် နိုင်ငံဖြစ်လာကြောင်း သမ္မတပူတင်ပြောကြား

ရုရှားနိုင်ငံသည် စိုက်ပျိုးရေးထုတ်ကုန်များ တင်ပို့မှုအရ ကမ္ဘာပေါ်တွင် စတုတ္ထမြောက်နိုင်ငံ ဖြစ်လာပြီး ၎င်းမှ ရရှိသည့်ဝင်ငွေမှာ အမေရိကန်ဒေါ်လာ ၄၃.၅ ဘီလီယံရှိကာ ထိုကဲ့သို့သော ရလဒ်များ မကြုံခဲ့ဖူးကြောင်း ရုရှားသမ္မတ ဗလာဒီမာ ပူတင်က လယ်သမားများနှင့် တွေ့ဆုံစဉ် ပြောကြားခဲ့သည်။

ရုရှားသည် စိုက်ပျိုးရေးထုတ်ကုန်များ တင်ပို့ရာ၌ ကမ္ဘာ့စတုတ္ထမြောက်နိုင်ငံ ဖြစ်လာပြီး ဂျုံတင်ပို့မှုတွင် ကမ္ဘာ့ပထမဆုံးနိုင်ငံ ဖြစ်လာခဲ့ကြောင်း၊ ပြီးခဲ့သောနှစ်တွင် ပြည်ပဈေးကွက်၌ ရောင်းချခဲ့သော ထုတ်ကုန်များ၏ ဝင်ငွေမှာ အမေရိကန်ဒေါ်လာ ၄၃.၅ ဘီလီယံ ရှိပြီး တင်ပို့မှုဝင်ငွေသည် အဆ ၃၀ တိုးလာခြင်းဖြစ်ကြောင်း၊ ရုရှားသည် ကမ္ဘာတွင် အသားထုတ်လုပ်မှု အမြင့်ဆုံးနိုင်ငံများထဲက တစ်နိုင်ငံဖြစ်ပြီး ၎င်းသည် စိုက်ပျိုးရေးလုပ်ငန်းများနှင့်လည်း ဆက်စပ်လျက်ရှိကြောင်း သမ္မတမှ ပြောကြားခဲ့သည်။

ပြီးခဲ့သည့်စိုက်ပျိုးရေးရာသီ ၂၀၂၂-၂၀၂၃ ခုနှစ်တွင် ရုရှားကောက်ပဲသီးနှံ တန်ချိန် ၅၃.၅ သန်းခန့် တင်ပို့ခဲ့ပြီး လာမည့်နှစ် ၂၀၂၃-၂၀၂၄ (၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၁ ရက်မှ ၂၀၂၄ ခုနှစ်၊ ဇွန်လ ၃၀ ရက်အထိ) ခုနှစ်တွင် တန်ချိန် ၆၅ သန်းအထိ တင်ပို့နိုင်မည်ဟု ခန့်မှန်းကြောင်း၊ ရုရှားစိုက်ပျိုးရေးထုတ်ကုန်များကို ပိတ်ဆို့အရေးယူမှုများကြားမှ ကမ္ဘာ့နိုင်ငံပေါင်း ၁၅၀ နီးပါးသို့ တင်ပို့ပေးခဲ့ကြောင်း သမ္မတမှ ပြောကြားခဲ့သည်။

ရုရှားတွင် ကောက်ပဲသီးနှံရိတ်သိမ်းမှုပမာဏသည် ၂၀၂၂ ခုနှစ်တွင် တန်ချိန် ၁၅၇ သန်းနှင့် ၂၀၂၃ ခုနှစ်တွင် တန်ချိန် ၁၄၇ သန်းအထိ စံချိန်တင်ခဲ့ကြောင်း ပူတင်က မှတ်ချက်ပြုခဲ့သည်။

ရုရှားသမ္မတ၏ ပြောကြားမှုအရ လက်ရှိတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံသည် အစားအသောက်တင်သွင်းမှုအပေါ် မှီခိုမှု မရှိသလောက်နည်းပါးသွားပြီဖြစ်ကြောင်း၊ လွန်ခဲ့သည့်နှစ်များအတွင်း စိုက်ပျိုးရေးကဏ္ဍသည် များစွာပြောင်းလဲခဲ့ကြောင်း၊ ၂၀၀၀ ပြည့်နှစ်တွင် နိုင်ငံအတွက် စားနပ်ရိက္ခာထောက်ပံ့ရန်နှင့် အခြေခံအစိတ်အပိုင်းအားလုံးနီးပါးသည် တင်သွင်းမှုအပေါ် မူတည်ခဲ့ကြောင်း၊ လက်ရှိတွင် ထိုကဲ့သို့မှီခိုမှုမျိုး မရှိတော့၍ စိုက်ပျိုးရေးလုပ်သားများ၏ အောင်မြင်မှုများကို ချီးကျူးကြောင်း သိရှိရပါသည်။

ခွန်မျိုးသူ၊ စီးပွားရေးသံမှူး
မော်စကိုမြို့

Source : https://tass.ru/ekonomika/20160805

https://ria.ru/20240305/agroproduktsiya-1931283030.html

Agribusiness & Trade

## ရုရှား၏ ပဲနီလေးတင်ပို့မှုသည် ၂၀၂၃ ခုနှစ်တွင် ၂.၄ ဆ တိုးလာခဲ့

၂၀၂၃ ခုနှစ်တွင် ရုရှားနိုင်ငံမှ ပဲနီလေးတင်ပို့မှုသည် ၂၀၂၂ ခုနှစ်နှင့် နှိုင်းယှဉ်ပါက ၂.၄ ဆ တိုးတက်ခဲ့ပြီး တန်ချိန် ၂၉၇,၀၀၀ ထိ ရောက်ရှိခဲ့ကြောင်း ရုရှားစိုက်ပျိုးရေးဝန်ကြီးဌာန လက်အောက်ရှိ ဖက်ဒရယ်စင်တာ "Agroexport" ၏ သတင်းထုတ်ပြန်ချက်အရ သိရှိရပါသည်။

ပြီးခဲ့တဲ့နှစ်တွင် ရုရှားပြည်ပတင်ပို့သူများသည် ပဲနီလေးတန်ချိန် ၂၉၇,၀၀၀ ကို ပြည်ပသို့ တင်ပို့ခဲ့ပြီး ၎င်းသည် ၂၀၂၂ ခုနှစ်၏ ပမာဏထက် ၂.၄ ဆ ပိုများကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။

တန်ဖိုးအားဖြင့် ဤထုတ်ကုန်တင်ပို့မှုသည် ၂၀၂၂ ခုနှစ်နှင့် နှိုင်းယှဉ်ပါက ၂.၄ ဆ တိုးတက်ခဲ့ပြီး အမေရိကန် ဒေါ်လာ ၂၁၅ သန်းအထိ ရရှိခဲ့ကြောင်း ဖော်ပြထားသည်။ ၂၀၂၃ ခုနှစ်တွင် ရုရှားနိုင်ငံ၏ ပဲနီလေးကို အဓိကဝယ်ယူခဲ့သည့် နိုင်ငံများမှာ တူရကီယဲ၊ အိန္ဒိယနှင့် အီရန်တို့ဖြစ်ကြောင်း သိရှိရပါသည်။

ခွန်မျိုးသူ၊ စီးပွားရေးသံမှူး
မော်စကိုမြို့
Source : [https://tass.ru/ekonomika/20145469](https://tass.ru/ekonomika/20145469)

..........................................................................................................

## တရုတ်နိုင်ငံသည် လာမည့်ဆယ်စုနှစ်အတွင်း လယ်ယာထွက်ကုန် တင်သွင်းမှုကို ဆက်လက်ဦးဆောင်မည်

မကြာသေးမီက ထုတ်ပြန်ခဲ့သည့် USDA ၏ အစီရင်ခံစာတွင် အာဖရိက၊ အရှေ့အလယ်ပိုင်း၊ တရုတ်၊ အရှေ့တောင်အာရှ၊ အနောက်အာရှနှင့် လက်တင်အမေရိကတို့သည် လာမည့်ဆယ်စုနှစ်အတွင်း ကမ္ဘာ့ကုန်သွယ်မှု၏ အဓိကမောင်းနှင်အားများဖြစ်လာလိမ့်မည်ဟု ကျွမ်းကျင်သူများက ခန့်မှန်းထားကြောင်း၊ အဆိုပါဒေသများ၌ စားသောက်ကုန်ဝယ်လိုအား မြင့်တက်လာခြင်းသည် ကုန်သွယ်ရေးတိုးတက်မှုကို တွန်းအားဖြစ်စေမည်ဟု ခန့်မှန်းထားပြီး ကမ္ဘာလုံးဆိုင်ရာ ကုန်သွယ်မှုအရှိန်အဟုန်တွင် သိသာထင်ရှားသော ပြောင်းလဲမှုတစ်ခု ဖြစ်လာမည်ဟု သိရှိရပါသည်။

တရုတ်နိုင်ငံသည် ကမ္ဘာ့ပဲပုပ်အများဆုံးတင်သွင်းသူအဖြစ် ဆက်လက်ရပ်တည်နေမည် ဖြစ်ပြီး ၂၀၃၃/၃၄ တွင် ကမ္ဘာ့ပဲပုပ်တင်သွင်းမှု၏ (၆၂.၄)%ရှိမည်ဟု ခန့်မှန်းထားကြောင်း၊ လာမည့် (၁၀) နှစ်အတွင်း တရုတ်နိုင်ငံ၏ ပဲပုပ်ဝယ်လိုအားသည် ကမ္ဘာ့ပဲပုပ်ကုန်သွယ်မှုကို ဆက်လက်မြင့်တက်

Agribusiness & Trade

လာစေမည်ဖြစ်ပြီး ကမ္ဘာ့ပဲပုပ်တင်သွင်းမှုသည် တန်ချိန် (၂၂.၆)သန်းအထိ ရှိလာမည်ဖြစ်ကြောင်း သိရှိရပါသည်။

ထို့အပြင် တရုတ်နိုင်ငံ၏ နှစ်စဉ် ကောက်ပဲသီးနှံတင်သွင်းမှုသည် ၂၀၃၃/၃၄ တွင် တန်ချိန် (၄၄.၂)သန်းအထိ ရောက်ရှိလာမည်ဖြစ်ပြီး တန်ချိန် (၃.၄)သန်း တိုးလာမည်ဟု မျှော်မှန်းထားသော်လည်း ၂၀၂၀/၂၁ တွင် ရောက်ရှိခဲ့သည့် အမြင့်ဆုံးစံချိန်ဖြစ်သည့် တန်ချိန် (၅၀.၅)သန်း အောက် လျော့နည်းနေသေးကြောင်း သိရှိရပါသည်။

ကမ္ဘာ့ပြောင်းအများဆုံး တင်သွင်းသောနိုင်ငံဖြစ်သည့် တရုတ်နိုင်ငံသည် ၂၀၃၃/၃၄ တွင် ပြောင်းတန်ချိန် (၂၆)သန်းတင်သွင်းမည်ဟု မျှော်မှန်းထားပြီး ပြောင်းတင်သွင်းမှုတွင် တိုးတက်မှု မရှိသလောက်နီးပါးဖြစ်ကြောင်း၊ တရုတ်နိုင်ငံ၏ တိရစ္ဆာန်အစာဝယ်လိုအား တိုးတက်မှုသည် ပြည်တွင် ပြောင်းထုတ်လုပ်မှုထက် ပိုမိုတိုးတက်လာမည်ဟု ခန့်မှန်းထားပြီး တိရစ္ဆာန်အစာဝယ်လိုအားကို ဖြည့်ဆည်းရန်အတွက် တရုတ်နိုင်ငံ၏ နှံစားပြောင်းနှင့် မုယောစပါး တင်သွင်းမှုသည် ၂၀၃၃/၃၄ တွင် တန်ချိန် (၉.၁)သန်းနှင့် တန်ချိန်(၈.၆)သန်းအထိ အသီးသီးမြင့်တက်လာမည်ဟု မျှော်လင့်ရကြောင်း သိရှိရပါသည်။

တရုတ်နိုင်ငံသည် ကမ္ဘာ့နှံစားပြောင်းကုန်သွယ်မှု၏ (၈၃)%ခန့်ရှိပြီး နှံစားပြောင်း တင်သွင်းသည့် ထိပ်တန်းနိုင်ငံအဖြစ် ဆက်လက်တည်ရှိနေမည်ဖြစ်ကြောင်း၊ ၂၀၃၃/၃၄ တွင် တန်ချိန် (၉.၁) သန်းခန့်ရှိမည်ဖြစ်ပြီး တင်သွင်းမှု တည်ငြိမ်နေမည်ဖြစ်ကြောင်း၊ တရုတ်နိုင်ငံတွင် ပြောင်းတင်သွင်းမှုကို ခွဲတမ်း(Quota)သတ်မှတ်ထားသော်လည်း နှံစားပြောင်း သို့မဟုတ် မုယောစပါး တင်သွင်းမှုတွင် ခွဲတမ်းမရှိကြောင်း သိရှိရပါသည်။

ထို့အပြင် တရုတ်နိုင်ငံသည်  မုယောစပါးအများဆုံးတင်သွင်းသည့်နိုင်ငံအဖြစ် ဆက်လက်ရှိနေမည်ဖြစ်ပြီး တစ်နှစ်လျှင် မုယောစပါးတင်သွင်းမှု တန်ချိန် (၈.၅)သန်းမှ (၈.၆)သန်းအထိ ဆက်လက်ရှိနေမည်ဟု မျှော်လင့်ကြောင်း၊ တိရစ္ဆာန်အစာဝယ်လိုအားသည် မုယောစပါး တင်သွင်းမှု၏ အဓိကမောင်းနှင်အားတစ်ခုဖြစ်သော်လည်း တရုတ်နိုင်ငံသည် မုယောစပါးကို အဓိကအားဖြင့် ဘီယာထုတ်လုပ်ရန်အတွက် တင်သွင်းခြင်းလည်း ဖြစ်ကြောင်း၊ ၂၀၂၄/၂၅ တွင် တရုတ်နိုင်ငံသည် ကမ္ဘာ့မုယောစပါးတင်သွင်းမှု၏ (၂၈.၃)% ရှိရာမှ ၂၀၃၃/၃၄ တွင် (၂၅.၉)% သို့ ကျဆင်းသွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

တစ်ချိန်တည်းမှာပင် တရုတ်အစိုးရအာဏာပိုင်များသည် စားနပ်ရိက္ခာထွက်ရှိမှုကို ဦးစားပေးမြှင့်တင်၍ အရံအမြောက်အမြားထားရှိခြင်းကြောင့် တရုတ်နိုင်ငံ၏ ဂျုံတင်သွင်းမှုသည် တန်ချိန် (၁၀.၇)သန်းမှ ၂၀၃၃/၃၄ တွင် တန်ချိန် (၉.၇)သန်းသို့ တဖြည်းဖြည်းကျဆင်းသွားမည်ဟု ခန့်မှန်းထားကြောင်း သိရှိရပါသည်။

Agribusiness & Trade

ကေခိုင်ကျော်၊ စီးပွားရေးသံမှူး
နန်နင်းမြို့
Source: https://www.apk-inform.com/en/news/1539928

## လာအိုကုမ္ပဏီတစ်ခုသည် တရုတ်နိုင်ငံသို့ အမဲသား ပိုမိုတင်ပို့ရန် ဆောင်ရွက်နေ

လာအိုနိုင်ငံရှိ ပုဂ္ဂလိကကုမ္ပဏီတစ်ခုသည် နိုင်ငံမြောက်ပိုင်းရှိ Bokeo ပြည်နယ်တွင် နွားမွေးမြူရေးခြံတစ်ခု တည်ဆောက်နေပြီး ပြည်တွင်းနှင့် ပြည်ပဈေးကွက်များ အထူးသဖြင့် တရုတ်နိုင်ငံသို့ အမဲသား တင်ပို့ရောင်းချရန် ရည်ရွယ်ထားကြောင်း သိရှိရပါသည်။

လုပ်မှုစီးပွားသတင်း အစီရင်ခံစာအရ Duang Chalern Development Construction Company Group အား လာအိုနိုင်ငံမြို့တော် ဗီယန်ကျင်း၏ အနောက်မြောက်ဘက် (၃၄၀) ကီလိုမီတာအကွာ၊ Bokeo ပြည်နယ်ရှိ ခရိုင် (၂)ခုတွင် စုစုပေါင်းဧရိယာ (၃,၆၈၇)ဟက်တာရှိသည့် မြေကွက်(၅)ကွက်အား နွားမွေးမြူရန်နှင့် မြက်များစိုက်ပျိုးရန် နိုင်ငံတော်မှ ခွင့်ပြုပေးခဲ့ကြောင်း သိရှိရပါသည်။

အဆိုပါစီမံကိန်းသည် ၂၀၂၁ ခုနှစ်တွင် စတင်ခဲ့ပြီး နွားမျိုးစိတ် (၄)မျိုးကို စမ်းသပ်မွေးမြူခဲ့ပြီး ယခုအချိန်အထိ နွားအကောင်ရေ (၁,၀၀၀) ကျော်ကို တရုတ်နိုင်ငံသို့ အဓိကတင်ပို့ခဲ့ပြီး ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့ကိုလည်း တင်ပို့ခဲ့ကြောင်း ကုမ္ပဏီ၏ ဥက္ကဋ္ဌ Khamphaiy Silaxa က ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

အဆိုပါစီမံကိန်းသည် ဒေသခံပြည်သူများအတွက် အလုပ်အကိုင် (၃၀၀)ကျော်ကို ဖန်တီးပေးထားပြီး Bokeo ခရိုင်အတွင်း လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန် အထောက်အကူဖြစ်စေသည်ဟု ၎င်းက ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

လာအိုနိုင်ငံသည် ၂၀၂၃ ခုနှစ်တွင် စိုက်ပျိုးရေးပို့ကုန်မှ အမေရိကန်ဒေါ်လာ (၁.၄)ဘီလီယံကျော် ရရှိခဲ့ပြီး ပို့ကုန်ရည်မှန်းချက် (၂၀.၁၈) ရာခိုင်နှုန်းကို ကျော်လွန်ခဲ့ကြောင်း၊ အဓိကတင်ပို့သည့် လယ်ယာထွက်ကုန်များမှာ ငှက်ပျောသီး၊ ရော်ဘာ၊ ပီလောပီနံ၊ ကြံ၊ ကျွဲ၊ နွားများဖြစ်ပြီး တရုတ်နိုင်ငံမှ ဝယ်ယူမှု အများဆုံးဖြစ်ကြောင်း သိရှိရပါသည်။

လာအိုအစိုးရသည် နိုင်ငံခြားငွေ ရရှိရန်နှင့် ငွေလဲနှုန်းမြင့်မားမှုကို လျှော့ချနိုင်ရေးအတွက် ပို့ကုန်တိုးမြှင့်ရန် လယ်သမားများနှင့် ထုတ်လုပ်သူများကို တိုက်တွန်းအားပေးလျက်ရှိကြောင်း သိရှိရပါသည်။

ကေခိုင်ကျော်၊ စီးပွားရေးသံမှူး
နန်နင်းမြို့
Source: https://english.news.cn/asiapacific/20240223/1b37e1a966b24406a4d9d723b13ce70e/c.html

## အိန္ဒိယသည် ၂၀၂၄ ဘဏ္ဍာနှစ်၊ မိုးရာသီတွင် အစားအစာ ကောက်ပဲသီးနှံ တန်ချိန် ၁၅၄ သန်း ထွက်ရှိမည်ဟု ခန့်မှန်း

အိန္ဒိယနိုင်ငံ၏ ၂၀၂၃-၂၄ ခုနှစ် မိုးရာသီတွင် အစားအစာ ကောက်ပဲသီးနှံ ထုတ်လုပ်မှုသည် တန်ချိန် ၁၅၄.၁၉ သန်းခန့်နှင့် ဆောင်းရာသီတွင် တန်ချိန် ၁၅၅.၁၂ သန်းခန့် ရှိသည်ဟု အစိုးရက ပြီးခဲ့သည့် ကြာသပတေးနေ့တွင် ခန့်မှန်းခဲ့ကြောင်း သိရသည်။

လယ်ယာစိုက်ပျိုးရေးနှင့် တောင်သူလယ်သမားများ သက်သာချောင်ချိရေး ဝန်ကြီးဌာနမှ ထုတ်ပြန်သော ဒုတိယ ကြိုတင်ခန့်မှန်းချက်အရ မိုးရာသီ ဆန်အထွက်နှုန်းမှာ တန်ချိန် ၁၁၁.၄၆ သန်း ဖြစ်ပြီး ဆောင်းရာသီတွင် တန်ချိန် ၁၂.၃၆ သန်း ထွက်ရှိမည်ဖြစ်ကြောင်း ခန့်မှန်းထားသည်။

ဂျုံထုတ်လုပ်မှုသည် တန်ချိန် ၁၁၂.၀၂ သန်းရှိမည်ဟု ခန့်မှန်းထားပြီး နှံစားပြောင်း (Shree Anna) ထုတ်လုပ်မှုအတွက် ခန့်မှန်းချက်မှာ မိုးရာသီတွင် တန်ချိန် ၁၂.၈၉ သန်းနှင့် ဆောင်းရာသီတွင် တန်ချိန် ၂.၄၉ သန်း ထွက်ရှိမည်ဖြစ်ကြောင်း၊ ပဲစင်းငုံမှာ တန်ချိန် ၃.၃၄ သန်း ထွက်ရှိမည်ဟု ခန့်မှန်းထားပြီး ယခင်နှစ် ထုတ်လုပ်မှု တန်ချိန် ၃.၃၁ သန်းထက် အနည်းငယ် ပိုများမည်ဖြစ်ကြောင်း သိရှိရသည်။

ပဲတီစိမ်းထွက်ရှိမှုမှာ တန်ချိန် ၁၂.၁၆ သန်းရှိမည်ဟု ခန့်မှန်းထားပြီး ၎င်းသည် ယခင်နှစ်ထက် အနည်းငယ်နည်းကြောင်း၊ ပဲနီလေးထွက်ရှိမှုမှာ တန်ချိန် ၁.၆၄ သန်းရှိမည်ဟု ခန့်မှန်းထား ပြီး ယခင်နှစ် ၁.၅၆ သန်းနှင့် နှိုင်းယှဉ်ပါက ပိုမိုထွက်ရှိလာမည်ဖြစ်ကြောင်း၊ ပဲပုပ် ထုတ်လုပ်မှုမှာ တန်ချိန် ၁၂.၅၆ သန်းနှင့် မုံညင်းနက်စေ့မှာ တန်ချိန် ၁၂.၇ သန်း ထွက်ရှိမည်ဖြစ်ကြောင်း၊ ဝါဂွမ်း အထွက်နှုန်းမှာ ၃၂.၃၁ သန်း (၁၇၀ ကီလိုဂရမ် အထုတ်) နှင့် ကြံထွက်ရှိမှု တန်ချိန် ၄၄၆.၄၃ သန်းရှိမည်ဖြစ်ကြောင်း ကြိုတင်ခန့်မှန်းထားသည်ကို တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ အိန္ဒိယနိုင်ငံ၏ ၂၀၂၄ ဘဏ္ဍာနှစ်အတွက် ကောက်ပဲသီးနှံထွက်ရှိမှု ခန့်မှန်းချက်အားသိရှိနိုင်ပါရန် တင်ပြအပ်ပါသည်။

မျိုးမြင့်မောင်၊ စီးပွားရေးသံမှူး

နယူးဒေလီမြို့

Source: Foodgrain Output Estimated at 154 MT in Kharif Season FY24, The Economic Times,

......................................................................................................................

## အိန္ဒိယအစိုးရသည် လယ်သမားများအတွက် ပဲနီလေးဆိုင်ရာ အနိမ့်ဆုံးပံ့ပိုးသတ်မှတ်ဈေးနှုန်းကို အာမခံပေးမည့် Portal လွှင့်တင်မည်

အိန္ဒိယအစိုးရသည် ပဲနီလေးအတွက် Web Portal ကို ဖွင့်လှစ်ရန်စီစဉ်လျှက်ရှိပြီး ယင်း Portal တွင် စာရင်းသွင်းမှတ်ပုံတင်ထားသောတောင်သူလယ်သမားများသာ ၎င်းတို့၏ထွက်ကုန်အတွက် အနိမ့်ဆုံးထောက်ပံ့ရေးဈေးနှုန်း (MSP) ကို အာမခံပေးမည် ဖြစ်ကြောင်းသိရှိရသည်။ အဆိုပါ portal အစီအစဉ်ကို ပဲစင်းငုံအတွက် ပထမဦးစွာစတင်ခဲ့ပြီး တောင်သူလယ် သမားများအတွက် အကျိုးအမြတ်ရရှိစေရန်အတွက် မတ်ပဲနှင့်အခြားပဲမျိုးစုံကိုလွှမ်းခြုံနိုင်ရန် တိုးချဲ့ဆောင်ရွက်ထားကြောင်း အမည်မဖော်လိုသည့် အကြီးတန်းအရာရှိတစ်ဦးက ပြောကြားထားသည်။

အစိုးရ၏ ပဲနီလေးဝယ်ယူရေးလုပ်ငန်းစဉ်ချောမွေ့စေရန်အတွက် ရိတ်သိမ်းရာသီမတိုင်မီ တောင်သူလယ်သမားများကို မှတ်ပုံတင်ခြင်း စတင်တော့မည်ဖြစ်ကြောင်းနှင့် အဆိုပါလယ်သမားများ၏အကျိုးခံစားခွင့်များကို တိုက်ရိုက်လွှဲပြောင်းပေးခြင်းဖြင့်ပေးဆောင်မည်ဖြစ်ကြောင်း အဆိုပါတာဝန်ရှိသူက ဆက်လက်ပြောသည်။

အိန္ဒိယသည် ပဲမျိုးစုံစားသုံးမှုအများဆုံးနိုင်ငံဖြစ်သော်လည်း ပြည်တွင်းစားသုံးမှုအတွက် တင်သွင်းမှုအပေါ် မှီခိုနေရပြီး ပဲနီလေးကို ကနေဒါနှင့် ဩစတြေးလျတို့မှ တင်သွင်းမှုအပေါ် မှီခိုနေရကြောင်း သိရှိရသည်။

အိန္ဒိယနိုင်ငံ၏ စားနပ်ရိက္ခာဈေးနှုန်းဖောင်းပွမှုသည် ဒီဇင်ဘာလတွင် ၉.၅၃ ရာခိုင်နှုန်းမှ ဇန်နဝါရီတွင် ၈.၃ ရာခိုင်နှုန်းသို့ လျော့ကျသွားသော်လည်း ယခင်နှစ်၏ စားနပ်ရိက္ခာဈေးနှုန်း ဖောင်းပွမှု ၆ ရာခိုင်နှုန်းနှင့် နှိုင်းယှဉ်ပါက မြင့်တက်လျှက်ရှိကြောင်းနှင့် ပဲမျိုးစုံဈေးနှုန်းမြင့်တက်မှုမှာ 19.54% ထိရှိကြောင်း သိရှိရသည်။

အစိုးရသည် အထွေထွေရွေးကောက်ပွဲကာလတွင် ကုန်ဈေးနှုန်း တည်ငြိမ်မှုရှိစေရန်အတွက် ကုလားပဲများကို 'Bharat' အမှတ်တံဆိပ်ဖြင့် လက်လီဈေးကွက်တွင် ချိုသာသောနှုန်းထားဖြင့် စတင်ရောင်းချလျှက်ရှိကြောင်းလည်း သိရှိရသည်။

အိန္ဒိယအစိုးရသည် 2023-24 ခုနှစ်တွင် ပဲနီလေးစိုက်ကေပိုမိုများပြားသောကြောင့် ဆောင်းရာသီတွင် တန်ချိန် ၁.၆ သန်း ထွက်ရှိမည်ဟု ခန့်မှန်းထားပြီး ကမ္ဘာ့အကြီးဆုံး ပဲနီလေးစိုက်ပျိုးထုတ်လုပ်သူဖြစ်လာရန် မျှော်လင့်လျှက်ရှိကြောင်း သိရှိရသည်။

သို့ဖြစ်ပါ၍ အိန္ဒိယနိုင်ငံသည် စိုက်ပျိုးရေးကဏ္ဍတွင် ခေတ်မီ အချက်အလက်စီမံခန့်ခွဲမှုစနစ်များအသုံးပြု၍ စိုက်ပျိုးဧက၊ ထွက်ရှိမှုတို့ကို တွက်ချက်ပြီး ပြည်တွင်းလိုအပ်ချက်နှင့် တင်ပို/

တင်သွင်းရန် လိုအပ်သည့်ပမာဏတို့ကို ခန့်မှန်းကာ ပို့ကုန်/သွင်းကုန်မူဝါဒများကို ချမှတ်ဆောင်ရွက်နေမှုအခြေအနေများအား သိရှိနိုင်ပါရန်တင်ပြအပ်ပါသည်။

မျိုးမြင့်မောင်၊ စီးပွားရေးသံမှူး
နယူးဒေလီမြို့
Source: Masur dal portal to guarantee MSP to farmers, The Economic Times, February

.....................................................................................................

## အိန္ဒိယသည် ယူအေအီးနှင့် ဘင်္ဂလားဒေ့ရှ် နိုင်ငံများသို့ ကြက်သွန်နီ တင်ပို့မှုကို ခွင့်ပြု

အိန္ဒိယ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက အမျိုးသားသမဝါယမတင်ပို့မှုလီမိတက် (NCEL) မှတဆင့် ကြက်သွန်နီအား ဘင်္ဂလားဒေ့ရှ် နိုင်ငံသို့ တန်ချိန် ၅၀,၀၀၀ နှင့် ယူအေအီးသို့ တန်ချိန် ၁၄,၄၀၀၊ စုစုပေါင်းတန်ချိန် ၆၄,၄၀၀ တင်ပို့ရန် ခွင့်ပြုပေးခဲ့ကြောင်း သိရှိရပါသည်။

ပို့ကုန်/သွင်းကုန် လုပ်ထုံးလုပ်နည်းများသတ်မှတ်ရန်တာဝန်ရှိသည့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ဌာနခွဲတစ်ခုဖြစ်သည့် နိုင်ငံခြားကုန်သွယ်ရေးအထွေထွေညွှန်ကြားမှု ဦးစီးဌာန (DGFT)က ယူအေအီးနိုင်ငံသို့ ကြက်သွန်နီ သုံးလတစ်ကြိမ်ဖြင့် အများဆုံးတန်ချိန် ၃၆၀၀ ထိ၊ စုစုပေါင်းတန်ချိန်14,400 တင်ပို့မှုကို အမျိုးသားသမဝါယမတင်ပို့မှုလီမိတက် (NCEL) မှတဆင့် ခွင့်ပြုထားသည်ဟု UAE နိုင်ငံသို့ အကြောင်းကြားထားကြောင်း အသေးစိတ်ဖော်ပြခဲ့သည်။ အိန္ဒိယသည် ပြည်တွင်းဈေးကွက် တည်ငြိမ်စေရန်ရည်ရွယ်၍ ကြက်သွန်နီ တင်ပို့မှုကို ယေဘုယျအားဖြင့် တားမြစ်ထားသော်လည်း အစိုးရက ယင်းနိုင်ငံများ၏ တောင်းဆိုချက်အပေါ် ခြွင်းချက်ဖြင့် ခွင့်ပြုပေးထားခြင်းဖြစ်ကြောင်းနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တင်ပို့မည့်နည်းလမ်းများကို စားသုံးသူရေးရာဦးစီးဌာနနှင့်ညှိနှိုင်းပြီး NCEL မှ ဆုံးဖြတ်မည်ဖြစ်ကြောင်းလည်း သိရှိရသည်။

ပြည်တွင်းဈေးကွက်အတွက် ကြက်သွန်နီလုံလောက်မှုရှိစေရန်နှင့် ဈေးနှုန်းထိန်းချုပ်နိုင်ရန် ရည်ရွယ်၍ အိန္ဒိယအစိုးရက ပြီးခဲ့သည့်နှစ် ဒီဇင်ဘာ ၈ ရက်မှ ယခုနှစ် မတ်လ ၃၁ ရက်အထိ တင်ပို့မှုပိတ်ပင်ထားပြီးနောက် ယခုကဲ့သို့ ခွင့်ပြုဆောင်ရွက်ခဲ့ခြင်းဖြစ်ပါသည်။

မြန်မာနိုင်ငံမှ ကြက်သွန်နီကို ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ရခိုင်ပြည်နယ်မှတစ်ဆင့် တင်ပို့လျက်ရှိသော်လည်း လတ်တလောတွင်ရခိုင်ပြည်နယ်ရှိကုန်သွယ်မှုလမ်းကြောင်းများ ရပ်ဆိုင်းနေသဖြင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံက အိန္ဒိယနိုင်ငံမှတင်သွင်းမှုများအားတိုးမြှင့်ပြုလုပ်ရန် တောင်းဆိုဆောင်ရွက်ခဲ့သည်ဟု ယူဆရပါသည်။ သို့ဖြစ်ပါ၍ မိမိနိုင်ငံ၏ ရှိပြီးသားဖြစ်သည့် ကြက်သွန်နီဈေးကွက် မပျောက်ပျက်ရေးအတွက် တင်ပို့နိုင်မည့် နည်းလမ်းများကို ရှာဖွေဖော်ဆောင်သင့်ပါကြောင်း တင်ပြအပ်ပါသည်။

မျိုးမြင့်မောင်၊ စီးပွားရေးသံမှူး
နယူးဒေလီမြို့
Source: ndtvprofit.com,

Agribusiness & Trade

## ရုပ်ကြွင်းလောင်စာဆီအစားထိုးရန် ဆီအုန်းမှ ဇီဝစွမ်းအင်ထုတ်လုပ်မည့် အင်ဒိုနီးရှားနိုင်ငံ

အမျိုးသားသုတေသနနှင့် တီထွင်းဆန်းသစ်မှုဘုတ်အဖွဲ့ (National Research and Innov–ation Board (BRIN) က ဆီအုန်းသည် ရုပ်ကြွင်းလောင်စာဆီအစားထိုးရန်အတွက် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်၏ အကောင်းဆုံးကုန်ကြမ်းဖြစ်ကြောင်း၊ BRIN ၏ ဆန်းစစ်ချက်သည် ဆီအုန်းကုန်ကြမ်းရရှိမှု၊ နည်းပညာ၊ ခံစားခွင့်များ၊ ထောက်ပံ့မှုနှင့် ရင်းနှီးမြှုပ်နှံမှုတို့အပေါ် အစိုးရ၏မူဝါဒတို့အပေါ် အခြေခံထားကြောင်း၊ အင်ဒိုနီးရှားနိုင်ငံသည် စာအုန်းဆီကြမ်း ထုတ်လုပ်မှုတွင် ကမ္ဘာ့နံပတ်တစ်နိုင်ငံဖြစ်ပြီး တစ်နှစ်လျှင် တန်ချိန် ၄၄.၂ သန်း ထုတ်လုပ်ကြောင်း၊ ထို့ကြောင့် အင်ဒိုနီးရှားနိုင်ငံသည် ဇီဝဒီဇယ်ထုတ်လုပ်ရန်အတွက် ကုန်ကြမ်း ပေါပေါများများရှိကြောင်း BRIN Crops Research Center ၏ ခေါင်းဆောင်ဖြစ်သူ Yudhistira Nugraha က ပြောကြားခဲ့ပါသည်။

စိုက်ပျိုးရေးဝန်ကြီးဌာန၏ အချက်အလက်များအရ အင်ဒိုနီးရှားနိုင်ငံသည် ဆီအုန်းစိုက်ဧကဟက်တာ ၁၄.၆၈ သန်းရှိပြီး အဆိုပါဧကများ၏ ၄၀ ရာခိုင်နှုန်းကို လုပ်ငန်းငယ်များက ပိုင်ဆိုင်ထားပါသည်။ ထုတ်လုပ်မှုအများစုကို ပြည်ပတင်ပို့ပြီး အင်ဒိုနီးရှားနိုင်ငံအတွက် နိုင်ငံခြားငွေ အများဆုံးရှာပေးသည့်လုပ်ငန်း ဖြစ်ပါသည်။

အင်ဒိုနီးရှားအစိုးရက B 35 Program ကို အကောင်အထည်ဖော်လျက်ရှိပြီး အနာဂတ်တွင် B 100 (Green Diesel) အဆင့်အထိ အဆင့်မြှင့်ဆောင်ရွက်သွားရန် စီစဉ်ထားကြောင်း၊ ဆီအုန်းမှ ဇီဝလောင်စာဆီထုတ်လုပ်သည့် နည်းပညာဖွံ့ဖြိုးတိုးတက်ရန် ရင်းနှီးမြှုပ်နှံမှုများစွာ လိုအပ်ပြီး စိန်ခေါ်မှုကြီးတစ်ခုဖြစ်ကြောင်း Yudhistira Nugraha က ပြောကြားခဲ့ပါသည်။ အင်ဒိုနီးရှားနိုင်ငံ၏ B 35 Program မှာ ဇီဝဒီဇယ် ၃၅ ရာခိုင်နှုန်းနှင့် ရေနံစိမ်းဒီဇယ် ၆၅ ရာခိုင်နှုန်းရော၍ အသုံးပြုရန် သတ်မှတ်ချက်ဖြစ်ပါသည်။

ဆီအုန်းမှ ဇီဝဒီဇယ်ထုတ်လုပ်မှုအတွက် အခြားဇီဝစွမ်းအင်ရင်းမြစ်များနှင့်နှိုင်းယှဉ်ပါက ဆီအုန်းစိုက်ပျိုးထုတ်လုပ်မှုနှင့် အစိုးရ၏ မူဝါဒများ၏ ထောက်ပံ့မှုပိုမိုရရှိကြောင်း၊ သို့ရာတွင် စိုက်ပျိုးထုတ်လုပ်မှုကုန်ကျစရိတ် ကြီးမြင့်လာမှုကြောင့် ဇီဝဒီဇယ်ထုတ်လုပ်မှု စဉ်ဆက်မပြတ်ဖြစ်စေရေးကို သက်ရောက်မှုရှိနေဆဲဖြစ်ပြီး တိုးတက်မှုများရရှိရန်မှာ စိန်ခေါ်မှု တစ်ခုဖြစ်ကြောင်း LPPM IPB ၏ Surfactant and Bioenergy ရှိ The Coordinator of Research and Development မှ Dwi Setyaningsih က ပြောကြားခဲ့ပါသည်။

မြန်မာနိုင်ငံသည်လည်း ဆီအုန်းစိုက်ပျိုးထုတ်လုပ်သည့်နိုင်ငံတစ်နိုင်ငံဖြစ်ရာ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်အသုံးပြုမှုကို အားပေးသည့်အနေဖြင့် ဆီအုန်းကို လောင်စာဆီအစားထိုး ဆောင်ရွက်နိုင်မည့် သီးနှံအဖြစ် ထည့်သွင်းစဉ်းစားနိုင်မည်ဖြစ်ကြောင်း တင်ပြအပ်ပါသည်။

သွယ်သွယ်ဆုတင်၊ စီးပွားရေးသံမှူး
စက်ဘ်ပူ
ရင်းမြစ်။ The Indonesia Palm Oil Association

Agribusiness & Trade

## ရုရှားနိုင်ငံ၊ ကာလုဂါဒေသသည် အရှေ့တောင်အာရှနိုင်ငံများသို့ မော်တော်ယာဉ် ဓာတုဗေဒပစ္စည်းများ ပြန်လည်တင်ပို့မှုစတင်

ပိတ်ဆို့အရေးယူမှုများကြောင့် ၂၀၂၁ ခုနှစ်တွင် တင်ပို့မှုကို ဆိုင်းငံ့ထားပြီးနောက် ကာလုဂါဒေသမှ မော်တော်ယာဉ်ဓာတုဗေဒပစ္စည်းနှင့် ကားအလှကုန်ပစ္စည်းများကို ပထမဆုံး အကြိမ်အဖြစ် အင်ဒိုနီးရှားနှင့် ကမ္ဘောဒီးယားသို့ တင်ပို့ခဲ့ကြောင်း ဒေသဆိုင်ရာစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု အေဂျင်စီ၏ သတင်းစာရှင်းလင်းပွဲတွင် TASS သတင်းဌာနသို့ ပြောကြားခဲ့သည်။

၂၀၂၄ ခုနှစ်တွင် ကာလုဂါဒေသ အာဏာပိုင်များက ပို့ကုန်ဆိုင်ရာလမ်းကြောင်းသစ်များကို ဖော်ဆောင်ရန် စီစဉ်ထားကြောင်း၊ ၎င်းတို့သည် CIS ၊ အရှေ့တောင်အာရှနှင့် အရှေ့အလယ်ပိုင်း နိုင်ငံတို့ဖြစ်ကြောင်း၊ မော်တော်ယာဥ်ဓာတုဗေဒပစ္စည်းနှင့် ကားအလှကုန်ပစ္စည်းများ ထုတ်လုပ်သည့် Sintec Group ကုမ္ပဏီသည် ဒေသတွင်းကို ကိုယ်စားပြုသည့် ကုမ္ပဏီတစ်ခုဖြစ်ပြီး အင်ဒိုနီးရှားနှင့် ကမ္ဘောဒီးယားသို့ စတင်တင်ပို့ခဲ့ကြောင်း အဆိုပါအေဂျင်စီက ပြောကြားခဲ့သည်။

Sintec Group ကိုယ်စားလှယ်၏ ပြောကြားချက်အရ အင်ဒိုနီးရှားနှင့် ကမ္ဘောဒီးယား ဈေးကွက်များသို့ ဝင်ရောက်ခြင်းအားဖြင့် ကုမ္ပဏီသည် ပို့ကုန်ကုန်ပစ္စည်းများဖြစ်သော ကားသန့်စင်ဆေးရည်၊ အင်ဂျင်သန့်စင်ဆေး၊ တာယာသန့်ရှင်းသည့်ဆေးနှင့် အခြားပစ္စည်းများအား နှစ်ဆနီးပါး တိုးချဲ့တင်ပို့သွားမည်ဖြစ်ကြောင်း၊ ၂၀၂၄ ခုနှစ်တွင် အရှေ့တောင်အာရှ နိုင်ငံများသို့ ကုန်စည်တန်ချိန် ၅၀၀ ကျော် တင်ပို့ရန် စီစဉ်ထားပြီး ၎င်းထဲမှ တန်ချိန် ၃၀၀ ခန့်ကို တရုတ်နိုင်ငံသို့ တင်ပို့ရန် စီစဉ်ထားကြောင်း သိရှိရပါသည်။

ခွန်မျိုးသူ၊ စီးပွားရေးသံမှူး
မော်စကိုမြို့

Source : https://tass.ru/ekonomika/20162519
https://www.sintecgroup.ru/news/?ELEMENT_ID=63616

………………………………………………………………………………………………

## ရုရှား-တရုတ် ကုန်သွယ်မှုပမာဏ တိုးလာခြင်းသည် စွမ်းအင်အရင်းအမြစ် တစ်ခုတည်းကြောင့်သာ မဟုတ်ကြောင်း ရုရှားသိပ္ပံအကယ်ဒမီမှ ပြောကြား

ရုရှား-တရုတ် ကုန်သွယ်မှုပမာဏ တိုးလာခြင်းသည် စွမ်းအင်အရင်းအမြစ်များကြောင့် သာမက ရုရှားမှ တရုတ်သို့ တင်ပို့သည့် ကောက်ပဲသီးနှံ၊ အသားနှင့် ရေထွက်ကုန်ကဏ္ဍများကြောင့်လည်း လျင်မြန်စွာ တိုးတက်လျက်ရှိပြီး နှစ်နိုင်ငံစလုံးသည် ကြီးမားသည့် အလားအလာများရှိပြီး အခြား

သော စီးပွားရေးကဏ္ဍများစွာကိုပါ တိုးပွားနေမည်ဖြစ်ကြောင်း အပြည်ပြည်ဆိုင်ရာစီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ အမျိုးသားညှိနှိုင်းရေးဗဟိုဌာန ဥက္ကဋ္ဌ၊ ရုရှားသိပ္ပံအကယ်ဒမီ၏ တရုတ်နှင့်ခေတ်သစ်အာရှဆိုင်ရာ ဒါရိုက်တာဖြစ်သူ Mr. Kirill Babaev က ပြောကြားခဲ့သည်။

ပေကျင်းနှင့် မော်စကိုအကြား ကုန်သွယ်မှုပမာဏ တိုးလာခြင်းသည် စွမ်းအင်အရင်းအမြစ်ကြောင့်သာမကဘဲ ရုရှားမှ တရုတ်သို့ စိုက်ပျိုးရေးထွက်ကုန်များ တင်ပို့မှုသည် အလွန်လျင်မြန်စွာ တိုးတက်လာလျက်ရှိကြောင်း၊ တရုတ်သို့ ကောက်ပဲသီးနှံတင်သွင်းမှုသည် တစ်နှစ်ထက်တစ်နှစ် ၄ ဆနီးပါး တိုးတက်လာကြောင်း၊ ထို့အပြင် အသားထုတ်ကုန်၊ ရေထွက်ကုန်၊ သစ်အချောထည်ပစ္စည်းများနှင့် ဓာတ်မြေသြဇာများ တင်ပို့မှုမှာလည်း တိုးလာကြောင်း ၎င်းမှ ပြောကြားသည်။

တရုတ်နိုင်ငံ၏ စွမ်းအင်နှင့် စားနပ်ရိက္ခာဖူလုံမှုကို ထောက်ပံ့ပေးမည့်နိုင်ငံသည် ရုရှားထံမှ ထောက်ပံ့မှုများဖြစ်ကြောင်းကို တရုတ်နိုင်ငံက နားလည်သဘောပေါက်ကြောင်း ၎င်းမှ မှတ်ချက်ပြုသည်။

ခွန်မျိုးသူ၊ စီးပွားရေးသံမှူး
မော်စကိုမြို့

Source : https://ria.ru/20240306/tovarooborot-1931353229.html

## တရုတ်နိုင်ငံသည် စားသုံးမှုနှင့် ကုန်သွယ်မှုကို တွန်းအားပေးရန်အတွက် အကောက်ခွန်ရှင်းလင်းရေးလုပ်ငန်းများကို ပိုမိုမြန်ဆန်စေရန် ဆောင်ရွက်လျက်ရှိ

တရုတ်နိုင်ငံသည် ပြည်တွင်းစားသုံးမှုနှင့် ပြည်ပကုန်သွယ်မှုနှစ်ရပ်စလုံးကို မြှင့်တင်နိုင်ရန်အတွက် ပိုမိုကောင်းမွန်သောအခြေအနေများကို ဖန်တီးလျက်ရှိရာ တရုတ်နိုင်ငံ၏ အကောက်ခွန်အာဏာပိုင်များသည် ပြည်ပမှတင်သွင်းလာသည့် ကုန်ပစ္စည်းများအတွက် အကောက်ခွန်ရှင်းလင်းရေးလုပ်ငန်းများကို မြန်ဆန်ချောမွေ့စေရန် ဆန်းသစ်သော အစီအမံများစွာကို အကောင်အထည်ဖော်ခဲ့ကြောင်း သိရှိရပါသည်။

အဆိုပါလုပ်ဆောင်ချက်များသည် ပြည်သူများ၏ ဝယ်လိုအားကို မြှင့်တင်ပေးရုံသာမက တရုတ်နိုင်ငံ၏ စီးပွားရေးကို စဉ်ဆက်မပြတ် ပြန်လည်နာလန်ထူလာစေရန် သိသာထင်ရှားသော တွန်းအားကိုလည်း ဖြစ်စေသည်ဟု အကောက်ခွန်အရာရှိများက ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

ဥပမာအားဖြင့် နွေဦးပွဲတော်ကာလတွင် ဈေးကွက်၌ ရောင်းလိုအား ပြတ်လပ်မှုမရှိစေရန်အတွက် ပေကျင်းမြို့တော်အပြည်ပြည်ဆိုင်ရာလေဆိပ်ရှိ အကောက်ခွန်စစ်ဆေးရေးနေရာ၌ ညအ

ချိန်နှင့် စနေ၊ တနင်္ဂနွေနေ့များတွင် အရေးပေါ်စီမံဆောင်ရွက်ရေးဝန်ဆောင်မှုကို ပံ့ပိုးပေးထားပြီး ပင်လယ်စာ၊ သစ်သီးဝလံနှင့် ပန်းများအပါအဝင် လတ်ဆတ်သောကုန်ပစ္စည်းများကို အချိန်နှင့် တပြေးညီ အကောက်ခွန်ရှင်းလင်းနိုင်ရန်အတွက် (၂၄)နာရီ ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရှိရပါသည်။

အလားတူ ပေကျင်းမြို့ရှိ Daxing အပြည်ပြည်ဆိုင်ရာလေဆိပ်မှ အကောက်ခွန်အာဏာပိုင်များသည် "one-to-one" လုပ်ငန်းစဉ်ကို အကောင်အထည်ဖော်ခဲ့ပြီး တင်သွင်းသူများနှင့် တက်ကြွစွာ ညှိနှိုင်းဆောင်ရွက်ကာ ပိုးမွှားစစ်ဆေးမှုကြီးကြပ်ရေးအစီအမံများ ချမှတ်ဆောင်ရွက်ခဲ့ကြောင်း သိရှိရပါသည်။

အဆိုပါလေဆိပ်နှစ်ခုမှတစ်ဆင့် နိုင်ငံ၏မြို့တော်သို့ ဝင်ရောက်လာသော လတ်ဆတ်သောထုတ်ကုန်များသည် ပေကျင်းမြို့ရှိဈေးကွက်လိုအပ်ချက်အား ဖြည့်ဆည်းပေးသည့်အပြင် ပေကျင်း - ထန်ကျင်း-ဟဲပေဒေသများအတွင်းရှိ မြို့ကြီးများသို့လည်း ဖြန့်ဖြူးပေးလျက်ရှိကြောင်း Beijing Daxing အပြည်ပြည်ဆိုင်ရာ လေဆိပ်အကောက်ခွန်ဌာနမှ လက်ထောက်အကြီးအကဲ Yin Haifeng က ပြောကြားခဲ့သည်ဟု သိရှိရပါသည်။

ပေကျင်းအကောက်ခွန်ဌာန၏ အချက်အလက်များအရ ပေကျင်း၏ နိုင်ငံခြားကုန်သွယ်မှုတန်ဖိုးသည် ၂၀၂၃ ခုနှစ်တွင် ယွမ် (၃.၆၅)ထရီလီယံ (အမေရိကန်ဒေါ်လာ ၅၀၇.၃၇ ဘီလီယံ)သို့ ရောက်ရှိခဲ့ပြီး တစ်နှစ်ထက်တစ်နှစ် (၀.၃)ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း၊ သွင်းကုန်သည် ယွမ် (၃.၀၅)ထရီလီယံရှိ၍ ယခင်နှစ်ကဲ့သို့ပင်ဖြစ်ပြီး ပို့ကုန်သည် ယွမ်ငွေ (၆၀၀.၁၁)ဘီလီယံ ရှိခဲ့ပြီး ယခင်နှစ်ကထက် (၂) ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း သိရှိရပါသည်။

တစ်ချိန်တည်းတွင် ပေကျင်း-ထန်ကျင်း-ဟဲပေဒေသ၏ သွင်းကုန်နှင့် ပို့ကုန်ပမာဏသည် ယွမ် (၅.၀၃) ထရီလီယံအထိ ရောက်ရှိခဲ့ပြီး သုံးနှစ်ဆက်တိုက် အပြုသဘောဆောင်သော တိုးတက်မှုကို ရရှိခဲ့ကြောင်း၊ အဆိုပါဒေသ၏ သွင်းကုန်ပမာဏသည် နိုင်ငံ၏ စုစုပေါင်းသွင်းကုန် တန်ဖိုး၏(၂၀) ရာခိုင်နှုန်းရှိကြောင်း သိရှိရပါသည်။

တရုတ်နိုင်ငံ အနောက်တောင်ပိုင်း ယူနန်ပြည်နယ်တွင် ဖေဖော်ဝါရီ (၁၀)ရက်နေ့မှ (၁၇) ရက်နေ့အထိ နွေဦးပွဲတော်အားလပ်ရက်အတွင်း တရုတ်-လာအိုရထားလမ်းမှတစ်ဆင့် ယွမ်(၃၄၅) သန်းတန်ဖိုးရှိ ကုန်ပစ္စည်းတန်ချိန် (၁၃၀,၀၀၀)ကို တင်ပို့တင်သွင်းခဲ့ကြောင်း ကူမင်း အကောက်ခွန်ဌာန၏ အချက်အလက်အရ သိရှိရပါသည်။ အဓိကအားဖြင့် သံမဏိ၊ မော်တော်ယာဉ်ပစ္စည်းများနှင့် အိမ်သုံးပစ္စည်းများကို တင်ပို့ခဲ့ပြီး ငှက်ပျောသီး၊ ဒူးရင်း၊ မင်းဂွတ်သီးနှင့် သံရိုင်းများ တင်သွင်းခဲ့ကြောင်း သိရှိရပါသည်။

Agribusiness & Trade

အားလုံးနှင့် တက်ကြွစွာပူးပေါင်းဆောင်ရွက်ခြင်း၊ ရောက်ရှိလာသည့် ကုန်စည်များကို စီမံဆောင်ရွက်ပေးခြင်း၊ ရောဂါပိုးမွှားစစ်ဆေးရေးနှင့် အကောက်ခွန်ရှင်းလင်းရေးအတွက် ဝန်ထမ်းများကို တာဝန်ချထားပေးခြင်း၊ ထိရောက်ပြီး တင်းကြပ်သော ကြီးကြပ်မှုကို ဆောင်ရွက်နိုင်ရန် နည်းပညာမြင့် စစ်ဆေးရေးကိရိယာများကို အပြည့်အဝအသုံးပြုခြင်းများကို ဆောင်ရွက်ခဲ့သည်ဟု ကူမင်းအကောက်ခွန်လက်အောက်ရှိ Mengla အကောက်ခွန်ဌာန၏ လက်ထောက် အကြီးအကဲ Zhou Baohua က ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

ရှစ်ရက်ကြာ အားလပ်ရက်အတွင်း တရုတ်နိုင်ငံ၏ စားသုံးမှုသည် မြင့်တက်လာခဲ့ကြောင်း ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ပြောကြားခဲ့ပြီး နိုင်ငံတစ်ဝှမ်းရှိ အဓိကလက်လီလုပ်ငန်းများနှင့် စားသောက်ဆိုင်များမှ ရောင်းချခဲ့သည့် ပမာဏသည် တစ်နှစ်ထက်တစ်နှစ် (၈.၅)ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း သိရှိရပါသည်။

အားလပ်ရက်အတွင်း စားသုံးသူဈေးကွက် မြင့်တက်ခြင်းသည် တရုတ်နိုင်ငံတွင် စားသုံးမှုတိုးတက်ရန်အတွက် သိသာထင်ရှားသော အလားအလာများရှိနေသေးသည်ကို ပြသခဲ့ကြောင်း ပေကျင်းအခြေစိုက် Chinese Academy of Social Sciences မှ သုတေသနအရာရှိဖြစ်သူ Ni Yueju မှ ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

ကေခိုင်ကျော်၊ စီးပွားရေးသံမှူး
နန်နင်းမြို့

Source: https://europe.chinadaily.com.cn/a/202402/23/WS65d7f019a31082fc043b8ae4.html

.............................................................................................................

## ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလအတွင်း တောင်ကိုရီးယားနိုင်ငံ၏ ငွေကြေးဖောင်းပွမှုနှုန်း ၃ ရာခိုင်နှုန်း ကျော်အထိ ပြန်လည်ရောက်ရှိမြင့်မားလာနိုင်

ကမ္ဘာ့ရေနံစိမ်းဈေးနှုန်းများ မြင့်မားလာခြင်းနှင့် ပြည်တွင်းရှိ လတ်ဆတ်သောစားသောက်ကုန်များဈေးနှုန်း မြင့်မားလာခြင်းကြောင့် ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလအတွင်း တောင်ကိုရီးယားနိုင်ငံ၏ ငွေကြေးဖောင်းပွမှုနှုန်းသည် ၃ ရာခိုင်နှုန်းကျော်အထိ ပြန်လည်ရောက်ရှိမြင့်မားလာနိုင်ကြောင်းနှင့် ယင်းသို့ ငွေကြေးဖောင်းပွမှုနှုန်းမြင့်မားနေမှုကို လျှော့ချနိုင်ရေး အစွမ်းကုန်ကြိုးပမ်းသွားမည်ဖြစ်ပါကြောင်း စီးပွားရေးနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၏ ဝန်ကြီး Mr. Kim Byoung က ၂၉-၂-၂၀၂၄ ရက်နေ့တွင် ကတိပြုပြောကြားခဲ့ပါသည်။

Myanbusiness & Trade

ငွေကြေးဖောင်းပွမှုနှုန်းကို တိုင်းတာရာတွင်အဓိကကျသည့် စားသုံးသူဈေးနှုန်းသည် ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလအတွင်း ၂.၈ ရာခိုင်နှုန်းသာ မြင့်မားခဲ့ရာ ၆ လတာကာလအတွင်း ၃ ရာခိုင်နှုန်း အောက် ပထမဆုံးအကြိမ်အဖြစ်ကျဆင်းခဲ့ပါသည်။ သို့သော် ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလအတွင်း ကမ္ဘာ့ရေနံစိမ်းဈေးနှုန်းများနှင့် ပြည်တွင်းလယ်ယာထွက်ကုန်ဈေးနှုန်းများ ရုတ်တရက် မြင့်မားလာသည့်အတွက် ငွေကြေးဖောင်းပွမှုနှုန်း ၃ ရာခိုင်နှုန်းအထက် ပြန်လည်ရောက်ရှိမြင့်မားလာနိုင်သည်ဟု ဝန်ကြီး Mr. Kim Byoung က အစိုးရဝန်ကြီးများအစည်းအဝေးတွင် ပြောကြားခဲ့ပါသည်။

ဆက်လက်၍ တောင်ကိုရီးယားနိုင်ငံ၏ စံသတ်မှတ်ဈေးနှုန်းဖြစ်သည့် ဒူဘိုင်းရေနံစိမ်းဈေးနှုန်းသည် ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလအတွင်း တစ်စည်လျှင် အမေရိကန်ဒေါ်လာ ၇၈.၉ ဒေါ်လာသာ ရှိခဲ့သော်လည်း ဖေဖော်ဝါရီလတွင် အရှေ့အလယ်ပိုင်းဒေသ၌ စစ်ရေးတင်းမာမှုများ ဖြစ်ပေါ်လာသည့်အတွက် ကမ္ဘာ့ရေနံစိမ်းဈေးနှုန်းများသည် တစ်စည်လျှင် အမေရိကန်ဒေါ်လာ ၈၀.၈ ဒေါ်လာ အထိ မြင့်မားခဲ့ပါကြောင်း၊ ကမ္ဘာ့ရေနံစိမ်းဈေးနှုန်းများသာမက ပြည်တွင်းသစ်သီးများ ဈေးနှုန်းသည်လည်း ဆက်လက်မြင့်မားနေသည့်အတွက် ငွေကြေးဖောင်းပွမှုနှုန်းသည် ၃ ရာခိုင်နှုန်းအထက် ပြန်လည်ရောက်ရှိမြင့်မားလာနိုင်ကြောင်း ဝန်ကြီး Mr. Kim Byoung က ပြောကြားခဲ့ပါသည်။

အစိုးရအနေဖြင့် ငွေကြေးဖောင်းပွမှုနှုန်းမြင့်မားနေမှုကို ထိန်းချုပ်နိုင်ရေး အစွမ်းကုန်ကြိုးပမ်းသွားမည်ဖြစ်ပါကြောင်း၊ ပြည်ပမှ သစ်သီးတင်သွင်းမှု မြှင့်တင်သွားမည့်အပြင် ဈေးလျှော့ပေးသည့်အစီအစဉ်များ (Discount Programs) လည်း ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ Gas ဈေးနှုန်းများ မြှင့်တင်ရောင်းချနေခြင်း ရှိ/မရှိကို အထူးစုံစမ်းရေးအဖွဲ့တစ်ဖွဲ့ ဖွဲ့စည်း၍ မတ်လအတွင်း နိုင်ငံအနှံ့ရှိ Gas Station များသို့ သွားရောက်စစ်ဆေးမည်ဖြစ်ပါကြောင်း၊ ငွေကြေးဖောင်းပွမှုနှုန်းကို ၂၀၂၄ ခုနှစ်ကုန်ပိုင်းတွင် ၂ ရာခိုင်နှုန်းသာရှိနေစေရန် ရည်မှန်းထားသော်လည်း မျှော်လင့်ထားသည်ထက် နှေးကွေးသောနှုန်းဖြင့်သာ ကျဆင်းသွားနိုင်ကြောင်းနှင့် ယခုနှစ်တွင် ဈေးနှုန်းများ ၂.၆ ရာခိုင်နှုန်းအထိ မြင့်မားလာနိုင်ကြောင်း စီးပွားရေးနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားပါသည်။

ကေခိုင်ကျော်၊ စီးပွားရေးသံမှူး

နန်နင်းမြို့

Source: https://www.koreaherald.com/view.php?ud=20240229050240

………………………………………………………………………………………………..

## ၂၀၂၃ ခုနှစ်တွင် တရုတ်နိုင်ငံ၏ စီးပွားရေးပြန်လည်ကောင်းမွန်လာကြောင်း IMF ထုတ်ပြန်

ကိုဗစ်ကပ်ရောဂါအပြီးတွင် ဈေးကွက်ပြန်လည်ဖွင့်လှစ်ပြီးနောက် တရုတ်နိုင်ငံ၏ စီးပွားရေးသည် အစိုးရအာဏာပိုင်များ ရည်မှန်းထားသည့်အတိုင်း GDP တိုးတက်မှု (၅)ရာခိုင်နှုန်းဝန်းကျင်ဖြင့် ပြန်လည်ကောင်းမွန်လာခဲ့ကြောင်း အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့ (International Monetary Fund-IMF) ၏ အမှုဆောင်ဘုတ်အဖွဲ့က ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

IMF သည် တရုတ်စီးပွားရေးနှင့်ပတ်သက်သော နှစ်စဉ်သုံးသပ်ချက်ကို ပြုလုပ်ပြီးနောက် မကြာသေးမီက သတင်းထုတ်ပြန်ချက်တွင် ထိုသို့ဖော်ပြခဲ့ခြင်းဖြစ်ကြောင်း သိရှိရပါသည်။ IMF ၏ ဝက်ဘ်ဆိုဒ်တွင် ဖော်ပြထားသည့် ထုတ်ပြန်ချက်အရ တရုတ်နိုင်ငံ၏ စီးပွားရေး ပြန်လည်ဦးမော့လာမှုကို ပြည်တွင်းဝယ်လိုအား အထူးသဖြင့် ပုဂ္ဂလိကသုံးစွဲမှုမှ အဓိကတွန်းအား ပေးခဲ့ခြင်းဖြစ်ပြီး ငွေကြေးမူဝါဒကို ဖြေလျှော့ပေးခြင်း၊ လုပ်ငန်းများနှင့် အိမ်ထောင်စုများအတွက် အခွန်သက်သာခွင့်နှင့် ဘေးအန္တရာယ် ကယ်ဆယ်ရေးအတွက် ဘဏ္ဍာရေးအသုံးစရိတ်များ အပါအဝင် အထောက်အပံ့ဖြစ်စေသည့် မက်ခရိုစီးပွားရေးမူဝါဒများဖြင့် ပံ့ပိုးပေးခဲ့ခြင်းဖြစ်ကြောင်း သိရှိရပါသည်။

စွမ်းအင်နှင့် စားနပ်ရိက္ခာဈေးနှုန်းများ ကျဆင်းမှုကြောင့် ၂၀၂၃ ခုနှစ်တွင် ငွေကြေးဖောင်းပွမှုကျဆင်းခဲ့သော်လည်း ၂၀၂၄ ခုနှစ်တွင် ငွေကြေးဖောင်းပွမှု (၁.၃)ရာခိုင်နှုန်းအထိ တဖြည်းဖြည်း တိုးလာမည်ဟု မျှော်လင့်ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်ဟု သိရှိရပါသည်။

အိမ်ခြံမြေကဏ္ဍတွင် အရှိန်အဟုန်ဖြင့် ပြန်လည်ဖွဲ့စည်းခြင်း အပါအဝင် ပြတ်သားသည့် မူဝါဒပိုင်းဆိုင်ရာ ဆောင်ရွက်ချက်သည် ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုတွင် ယုံကြည်မှုကို မြှင့်တင်နိုင်ခဲ့ပြီး မျှော်လင့်ထားသည်ထက် ပိုမိုကောင်းမွန်သော ပြန်လည်ဦးမော့လာမှုကို ဖြစ်ပေါ်စေခဲ့သည်ဟု ထုတ်ပြန်ချက်တွင် ဖော်ပြထားကြောင်း သိရှိရပါသည်။

IMF မှ အဖွဲ့တစ်ဖွဲ့သည် နှစ်စဉ်သုံးသပ်ချက်အတွက် ညှိနှိုင်းဆွေးနွေးမှုကို ဆောင်ရွက်ရန် တရုတ်နိုင်ငံသို့ အောက်တိုဘာလ (၂၆)ရက်နေ့မှ နိုဝင်ဘာလ (၇)ရက်နေ့အထိ သွားရောက်ခဲ့ကြောင်း သိရှိရပါသည်။

အဆိုပါအဖွဲ့သည် တရုတ်နိုင်ငံ၏ စီးပွားရေးအလားအလာနှင့် စွန့်စားမှုများ၊ ပြုပြင်ပြောင်းလဲရေး၏ တိုးတက်မှုနှင့် စိန်ခေါ်မှုများနှင့် မူဝါဒဆိုင်ရာ တုံ့ပြန်မှုများအပေါ် အမြင်ချင်း ဖလှယ်ရန် တရုတ်အစိုးရနှင့် တရုတ်ဗဟိုဘဏ်မှ အကြီးတန်းအရာရှိများ၊ ပုဂ္ဂလိကကဏ္ဍမှ ကိုယ်စားလှယ်များ၊ ပညာရှင်များနှင့် တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြောင်း သိရှိရပါသည်။

ကောခိုင်ကျော်၊ စီးပွားရေးသံမှူး
နန်နင်းမြို့
Source: https://english.news.cn/20240302/3eee3a5bca8545b6968cde5bf294d5b8/c.html

……………………………………………………………………………………………………..